## ၉။ ခေါင်းမဲဖလံ

**Black headed caterpillar: *Opisina arenosella* (Walker, 1864)**

**Lepidoptera: Xyloryctidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ

 

**လောက်**ကောင်သည်စိမ်းညိုရောင်ဖြစ်ပြီးဦးခေါင်းမှာနက်ညိုရောင်ရှိသည်။ တခါတရံ လောက်ကောင် ၏ ကိုယ်ပေါ်တွင်အညိုရောင် အစင်းများတွေ့ရသည်။ အကောင်ကြီးမှာ မီးခိုးဖြူရောင်ဖြစ်သည်။

### ဖျက်ဆီးပုံလက္ခဏာများ

  

အောက်အရွက်များပေါ်တွင်အရွက်ခြောက်ကွက်များဖြစ်စေသည်။အရွက်မှာများအောက်ပိုင်းတွင်အမှျင်များနှင့်ပိုးချေးများတွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၆)ရက် |
| လောက်ကောင်အဆင့် | -(၄၈)ရက် |
| ရုပ်ဖုံးအဆင့် | -(၃-၄)ရက် |
| အကောင်ကြီးအဆင့် | -(၅-၁၀)ရက်) |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဖျက်ပိုးဖျက်ဆီးခံထားရသောအပင်အစိတ်အပိုင်းများအားမီးရှို့ပါ။

**(၂)**ထိသေစားသေ အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးဘူး၊ အိတ်ပေါ်ပါ အညွှန်းစာအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက  အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ကာဘာရိုင်း(Carbaryl)
- ဒိုင်ကလိုဗော့စ် (Diclorvos)
- အင်ဒိုဇာကပ် (Indoxacarb)